**ကျန်းမာရေးဝန်ကြီးဌာန**

**ဌာနခွဲ (၂)**

**((၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့(ငွေရေးကြေးရေးနှင့်စာရင်းများ) ဆိုင်ရာနည်းဥပဒေများ)**

**အမှတ် ၄၃၆**

**၁၃၁၈ ခု၊ နယုန်လပြည့်ကျော် ၆ ရက်။**

**(၁၉၅၆ ခု၊ ဇွန်လ ၂၉ ရက်။)**

အမှတ် ၄၃၆။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၂၆ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည် အောက်ပါ နည်းဥပဒေ များကို ပြုလိုက်သည်။

**အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်များ**

၁။ ။ ဤနည်းဥပဒေများကို၊ ၁၃၁၇ (၁၉၅၅)ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ (ငွေရေးကြေးရေး နှင့်စာရင်းများ) ဆိုင်ရာနည်းဥပဒေများ ဟုခေါ်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) **"အက်ဥပဒေ"** ဆိုသည်မှာ၊ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ဆိုလိုသည်။

(ခ) **"ဥက္ကဋ္ဌ"** ဆိုသည်မှာ၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဂ) **"အဖွဲ့"** ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးဆရာအဖွဲ့ကို ဆိုလိုသည်။

(ဃ) **"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိ ကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် မှတ်ပုံတင်အရာရှိ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း ခံရသူလည်းပါဝင်သည်။

**ငွေရေးကြေးရေး**

၃။ ။ (၁) အဖွဲ့သည်၊ (တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ရန်ပုံငွေ) ဟုခေါ်တွင်သည့် ရန်ပုံငွေ တစ်ရပ်ထားရှိ ရမည်။ နိုင်ငံတော်အစိုးရထံမှရရှိသော ငွေအားလုံးကိုလည်းကောင်း၊ ဤအက်ဥပဒေအရ ကောက်ခံ ရရှိသည့် အခကြေးငွေများအားလုံးနှင့် အဖွဲ့ကရရှိသည့် အခြားကြေးငွေများအားလုံးကို လည်းကောင်း ထိုရံပုံငွေသို့ ထည့်သွင်းရမည်။

(၂) အဖွဲ့သည်၊ မိမိ၏ငွေအားလုံးကို နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ဖြစ်စေ၊ နိုင်ငံတော် သမ္မတက ညွှန်ကြားသည့် အခြားဘဏ်တွင်ဖြစ်စေ အပ်နှံထားရမည်။ ငွေထုတ်လိုသောအခါ ဥက္ကဋ္ဌနှင့်၊ သို့တည်းမဟုတ် အဖွဲ့ဝင်တစ်ဦးနှင့် အဖွဲ့အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

၄။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ မိမိထံ၌မှတ်ပုံတင်ခကြေးငွေ ၂၅ဂ ကျပ်ပြည့်တိုင်းပြည့်တိုင်းအဖွဲ့၏ ရံပုံငွေသို့ထည့်သွင်းရမည်။

Myanmar Law Information System (MLIS)

(၂) အသေးသုံးစရိတ်အတွက် အဖွဲ့အတွင်းရေးမှူးလက်တွင် ငွေကျပ် ၁၀၀ ကျပ် ထားရှိနိုင်သည်။ ဥက္ကဋ္ဌသည်၊ ကျပ် ၂၅၀ ထက်မပိုသောငွေကို အရေးကြီးသော ကိစ္စအတွက် သုံးစွဲရန်အခွင့်ပြုနိုင်သည်။

(၃) မည်သည့်အသုံးငွေကိုမဆို သုံးပြီးသည့်နောက် စည်းဝေးသည့်အဖွဲ့၏အစည်းအဝေးတွင် တင်ပြရမည်။

၅။ ။ အဖွဲ့သည်၊ မိမိရံပုံငွေကို အောက်ပါကိစ္စများအတွက်သာ သုံးစွဲရမည်။

(က) အဖွဲ့၏ ရာထမ်းမှုထမ်းတို့အတွက် လစာ၊ စရိတ် စသည်တို့ကိုကျခံရမည်။

(ခ) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ နည်းလမ်းတကျ ကုန်ကျမည့် အခြားအသုံးစရိတ် များကို ကျခံရန်။

**ငွေစာရင်းများ**

၆။ ။ (၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးမကုန်မီ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရ-သုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရရန် တင်သွင်းရမည်။

(၂) အဖွဲ့သည်၊ အဆိုပါမှန်းခြေငွေစာရင်းများကို ပြင်သည့် နောက်ထပ်မှန်းခြေငွေစာရင်းများကို လည်း၊ အခါအားလျော်စွာ နိုင်ငံတော်သမ္မတထံ တင်သွင်းနိုင်သည်။

(၃) အထက်ပါအပိုဒ်များအရ ခွင့်ပြုထားသည့် ခန့်မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့်အသုံးစရိတ် ကိုမျှကျခံခြင်းမပြုရ။

၇။ ။ (၁) အဖွဲ့သည်၊ ငွေစာရင်းများကိုလည်းကောင်း၊ ငွေစာရင်းများနှင့်သက်ဆိုင်သည့် အခြားမှတ်တမ်း များကိုလည်းကောင်း နည်းလမ်းတကျထားရှိစေရမည်။ ထို့ပြင် အဖွဲ့အလုပ်ဝတ္တရားများကို ဆောင်ရွက် သည့်နှစ်အသီးသီးနှင့် စပ်လျဉ်း၍၊ နှစ်ချုပ်ငွေစာရင်းကိုလည်း နိုင်ငံတော်သမ္မတ၏ သဘောတူညီ ချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့်ပုံစံအတိုင်း စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေး၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံစာ တင်သွင်းရမည်။ ထိုအစီရင်ခံစာကို နိုင်ငံတော်သမ္မတက ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသို့ တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်သမ္မတသည် မည်သည့်အခါတွင်မဆို မိမိညွှန်ကြားသည့် စာရင်းစစ်အား ထိုငွေစာရင်းများကို စစ်ဆေးစေနိုင်သည်။

(၃) အဖွဲ့၏လစဉ်ငွေစာရင်းရှင်းတမ်းများကို နိုင်ငံတော်သမ္မတထံလစဉ် မှန်မှန်ပေးပို့ရမည်။

**နှစ်ချုပ်အစီရင်ခံစာ**

၈။ ။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ ကသတ်မှတ်သည့် အချိန်ကာလတွင် နိုင်ငံတော်သမ္မတထံနှစ်စဉ် နှစ်ချုပ်အစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် ထိုနှစ်အတွင်းအဖွဲ့ဆောင်ရွက်သည့်ကိစ္စများ၊ အဖွဲ့၏မူများနှင့်လုပ်ငန်းစဉ်များကိုဖော်ပြရမည်။ နိုင်ငံတော်သမ္မတသည်၊ ထိုအစီရင်ခံစာ၏ မိတ္တူကို ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးသို့တင်ပြရမည်။

(၂) ထိုအစီရင်ခံစာတွင် အဖွဲ့ဝင်များ၏ စာရင်းနှင့် အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်များ ထုတ်ယူသော အခကြေးငွေနှင့် စရိတ်များလည်းပါရှိရမည်။

အမိန့်အရ၊

Myanmar Law Information System (MLIS)

ဘစိန်

ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ကျန်းမာရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)